နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
လျှပ်စစ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၀)

၁၃၅၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၁၉၉၀ ပြည့်နှစ်၊ မတ်လ ၇ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **လျှပ်စစ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ လျှပ်စစ်ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည် -

၃၀။ မည်သူမဆို အောက်ပါတစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုခြင်းခံရမည့်အပြင် ပျက်စီးဆုံးရှုံးသော လျှပ်စစ်ပစ္စည်းကိရိယာ၏ ကာလတန်ဖိုး သို့မဟုတ် ယင်းပြုလုပ်မှုကြောင့် ဖြစ်ပေါ်သောနစ်နာဆုံးရှုံးမှုအတွက် လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသည့် ငွေကြေးကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်းသို့ လျော်ကြေးအဖြစ် ပေးဆောင်ရမည် -

(က) နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း၊

(ခ) နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိဘဲ အခြား ပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်း၊

(ဃ) သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ဆင့်ပွားဆက်သွယ်အသုံးပြုခြင်း၊

(ဃ) အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံးပါဝါမီတာမှတစ်ဆင့် သုံးခွင့်မရှိသော စီးပွားရေးလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း၊

(စ) စက်မှုလက်မှုသုံး ပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်း။

၃။ လျှပ်စစ်ဥပဒေပုဒ်မ ၃၁ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည် -

၃၁။ (က) ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၀ တို့အရ တောင်းခံသည့် လျော်ကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စအလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိရမည်။